UNHCR
The UN Refugee Agency

# THAILAND

8 February – 5 March 2018

## MEDIA MONITORING REPORT # 178

## စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု

### အနည်းဆုံးလုပ်ခလစာ တစ်ရက် ၄၈၀၀ နှုန်း ကော်မတီက အတည်ပြု

The Global New Light of Myanmar, 6 March 2018

အလုပ်သမားများ မျှော်လင့်နေကြသည့် အနည်းဆုံးလုပ်ခလစာကို တစ်ရက်လျှင် ၄၈၀၀ နှုန်းအား အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီက အတည်ပြုလိုက်ပြီဖြစ်သည်။



မတ်လ ၅ ရက်နေ့က ပြုလုပ်သည့် ၅ ကြိမ်မြောက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးတွင် အလုပ်ရှင်– အလုပ်သမားအဖွဲ့အစည်းများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြည်နယ်ကော်မတီဝင် ဝန်ကြီးများနှင့် ဆွေးနွေးပြီးနောက် အထက်ပါအတိုင်း တစ်ရက်လျှင် ၄၈၀၀ နှုန်းကို အတည်ပြုလိုက်ခြင်းဖြစ်သည်။

"ဒီလိုသတ်မှတ်ပြီးတဲ့နောက်ပိုင်းမှာလည်းပဲ အလုပ်သမားတွေဘက်က စိုးရိမ်ပူပန်မှုတွေလည်း လျော့နည်းအောင်။ အလုပ်ရှင်တွေဘက်က ရင်ထဲမှာရှိတဲ့ကိစ္စ မရှင်းတဲ့ကိစ္စတွေ စိုးရိမ်ပူပန်မှုတွေလည်း လျော့နည်းအောင် ကျွန်တော်တို့ နိုင်ငံတော်ဘက်ကလည်း လုပ်နိုင်တဲ့ကိစ္စတွေကို ဆက်လက်ပြီးတော့ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌဖြစ်သူ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းဆွေက ပြောသည်။

Link: http://www.globalnewlightofmyanmar.com/national-committee-minimum-wage-approves-ks4800-daily-wages/

### ကျန်းမာရေး လက်လှမ်းမမီသည့် ဒေသအတွက် BPHWT မှ ကျေးလက်ဆေးခန်း ဖွင့်လှစ်

Burma News International, 5 March 2018

ကရင်ပြည်နယ်၊ ဖားအံခရိုင်၊ ပိုင်ကျုံမြို့နယ်အတွင်းရှိ ကျန်းမာရေးပြုစုစောင့်ရှောက်မှု လက်လှမ်းမမီသည့် နီခွီးကျေးရွာအတွက် နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားအဖွဲ့(BPHWT)မှ မတ်လ ၃ ရက်နေ့တွင် ကျေးလက်ဆေးခန်းတစ်ခု ဖွင့်လှစ်ပေးခဲ့သည်။




အဆိုပါ နီခွီးကျေးရွာသည် သွားလာရေးအခက်အခဲများကြောင့် အစိုးရနှင့် ဒေသအာဏာပိုင်များ၏ ကျန်းမာရေးပြုစုစောင့်ရှောက်မှု တစုံတရာမရရှိကြဘဲ ကျန်းမာရေးပြဿနာ တစုံတရာရှိလာခဲ့လျှင် သွားရောက်ကုသရန် အနီးဆုံးဆေးပေးခန်းများ မရှိခြင်းကြောင့် ယခုဆေးခန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း BPHWT ၏ ဒု-ညွှန်ကြားရေးမှူး နန်းစနီးက ပြောသည်။

အဆိုပါဆေးခန်းသည် ကုသမှုတစ်ခုတည်း အတွက်သာမဟုတ်ဘဲ ကျန်းမာရေးလုပ်သားများအနေဖြင့် ဒေသတွင်းသို့ လှည့်လည်၍ ကျန်းမာရေး ကြိုတင် ကာကွယ်မှုများ၊ ကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်းများနှင့် ရေရှည်အတွက် ကျန်းမာရေးလုပ်

သားသစ်များကိုပါ မွေးထုတ်ပေးနိုင်ရန် စီစဉ်လုပ်ဆောင်သွားမည်ဟု နန်းစနိုးက ဆက်ပြောသည်။

ယခုဖွင့်လှစ်လိုက်သော ဆေးခန်းအတွက် လိုအပ်သည့် ဆောက်လုပ်ရေး ကုန်ကျစရိတ်များကို Burma Humanitarian Mission မှ ကူညီထောက်ပံ့ပေးခဲ့ပြီး လိုအပ်သည့် ကျန်းမာရေးဝန်ဆောင်မှုများကို BPHWT မှ တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယခု ဖွင့်လှစ်လိုက်သော ဆေးခန်းသည် BPHWT ၏ ကျန်းမာရေးဝန်ဆောင်မှု နှစ်ပေါင်း ၂၀အတွင်း ပထမဆုံးဖွင့်လှစ်နိုင်သည့် ဆေးပေးခန်းဖြစ်သည်။

Link: https://www.bnionline.net/en/news/bphwt-opens-rural-clinic-remote-area-lacking-healthcare

## နီပွန်ဖောင်ဒေးရှင်းမှ ရှမ်းပြည်နယ်တွင် စာသင်ကျောင်းအလုံး( ၃၀၀) ဆောက်လုပ်ပေး

Mizzima, 5 March 2018




နီပွန်ဖောင်ဒေးရှင်းသည် ရှမ်းပြည်နယ်တွင် စာသင်ကျောင်းပေါင်း အလုံး(၃၀၀)ဆောက်လုပ် ပြီးစီးခဲ့ကြောင်းကို ပြည်တွင်းသတင်းမှ မတ်လ (၅)ရက်နေ့တွင် ဖော်ပြခဲ့သည်။

မူလတန်းကြို စာသင်ကျောင်းများကို နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နီပွန်ဖောင်ဒေးရှင်းတို့မှ ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

သတင်းတွင် ဖော်ပြထားမှုအရ နီပွန်ဖောင်ဒေးရှင်းသည် စာသင်ကျောင်းများဆောက်လုပ်ရန်နှင့် လူထုအတွင်း စီမံကိန်းများအကောင်အထည်ဖော်ဖို့ ရန်ပုံငွေမြှင့်တင်ရန်အတွက် ၂၀၀၂ ခုနှစ်ကတည်းက ပင် အကူအညီများပေးခဲ့သည်။ ဖောင်ဒေးရှင်းသည် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်း၊ ကယားပြည်နယ်တို့တွင် စာသင်ကျောင်းအလုံးပေါင်း( ၁၂၀) ဆောက်လုပ်နိုင်ရန်အတွက် စီမံကိန်း တိုးချဲ့ဆောင်ရွက်ရန် စီစဉ်ခဲ့သည်။

Link: http://www.mizzima.com/news-domestic/300th-school-built-nippon-foundation-shan-state

## နွေရာသီအားလပ်ရက်တွင် ကော့သောင်းမြို့သို့ လာရောက်လည်ပတ်သူ များပြား

The Global New Light of Myanmar, 3 March 2018

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း တနင်္သာရီဒေသကြီးရှိ ကော့သောင်းမြို့သည် လာရောက် လည်ပတ်သူများဖြင့် တဖြည်းဖြည်းစည်ကားလာနေပြီဖြစ်သည်။

နွေရာသီအားလပ်ရက်တွင် ပြည်တွင်းပြည်ပမှ လာရောက်လည်ပတ်သူအရေအတွက်မှာ များပြားလျှက်ရှိကြောင်း ဒေသတွင်းခရီးသွားလုပ်ငန်း လုပ်ဆောင်သူတစ်ဦးက ပြောခဲ့သည်။ ကော့သောင်းမြို့သည် ထိုင်းနိုင်ငံ နယ်စပ်မြို့ ရနောင်းမှ အရှေ့ဘက်ဆီသို့ အရေးပါသည့် နယ်စပ်ကုန်သွယ်ရေး နေရာတစ်ခုဖြစ်လာသည်။



ထိုဒေသတွင် မြေပြင်အများစုမှာ တောင်တန်းများဖြစ်ကြသည်။ သဘာဝကျွန်းများရှိသောကြောင့် လာရောက်လည်ပတ်သူများမှ ကျွန်းဆွယ်မြို့လေးကို စိတ်ပါဝင်စားမှုရှိခြင်းသည် ပြည်နယ်၏ စီးပွားရေးမူဝါဒသစ်ကို ကျေးဇူးတင်ဖွယ်ရာဖြစ်သည်။ ဟိုတယ်နှင့် အပန်းဖြေစခန်းများရှိခြင်းသည်လည်း လာရောက်လည်ပတ်သူအရေအတွက် တိုးလာစေသည့် ရလဒ်ပင်ဖြစ်သည်။

ပြည်တွင်းပြည်ပလာရောက်သူများသည် လတိုင်း တိုးလာလျှက်ရှိကြောင်း၊ လာရောက်လည်ပတ်သူအများစုမှာ ငါးမျှားခြင်း၊ ဒိုင်ဗင်ထိုးခြင်း၊ ငှက်စောင့်ကြည့်ခြင်းစသည်တို့ကို လုပ်ဆောင်ကြကြောင်း ဒေသတွင်းခရီးသွားလာရေးလုပ်ငန်း လုပ်ကိုင်သူက ပြောခဲ့သည်။

လူထုအခြေစိုက် ခရီးသွားလာရေးစီမံကိန်းကို ကချင်၊ ကယား၊ ကရင်၊ ရှမ်းနှင့် ချင်းပြည်နယ်၊ ရန်ကုန်၊ မန္တလေးနှင့် မကွေးစသည့်ဒေ

သများတွင် အကောင်အထည်ဖော် လုပ်ဆောင်နေကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနထံမှ သိရသည်။

Link: http://www.globalnewlightofmyanmar.com/tourists-flock-kawthoung-summer-holidays/

## မြိတ်မြို့နှင့် ဘန်ကောက် တိုက်ရိုက်လေကြောင်းလိုင်း စတင်ပြေးဆွဲ

Myanmar Times, 26 February 2018

ဘန်ကောက်အခြေစိုက် လေကြောင်းလိုင်းဖြစ်သော New Gen Airways သည် ၎င်းတို့၏ ပြည်တွင်း လုပ်ဖော်ကိုင်ဖက်ဖြစ်သော Tun Htaik Tin ကုမ္ပဏီနှင့်အတူ ပူးပေါင်း၍ မြိတ်လေဆိပ်မှ ဒွန်မောင်း နိုင်ငံတကာလေဆိပ်သို့ လေယာဉ် တိုက်ရိုက် စတင် ပြေးဆွဲနေပြီဖြစ်ကြောင်း လေကြောင်းလိုင်းမှ အရာရှိတစ်ဦးက *The Myanmar Times* သို့ ပြောကြားခဲ့သည်။



ပုံမှန်လေကြောင်းလိုင်းများကို သောကြာနေ့တွင် စတင်၍ ပုံမှန်ပျံသန်းမည်ဖြစ်ကြောင်း New Gen Airways မှ နိုင်ငံဆိုင်ရာ မန်နေဂျာဖြစ်သူ ဦးသာဓုက ပြောခဲ့သည်။

တပတ်တွင် ၃ ကြိမ် ပျံသန်းပေးမည်ဖြစ်ပြီး လေယာဉ်မှာ ဘိုးရင်း ၇၃၇-၄၀၀ဖြစ်ကြောင်း သိရပြီး ခရီးသည် ၁၅၀လိုက်ပါစီးနင်းနိုင်သည်။

လေယဉ်စီးခ အသွားအပြန်မှာ ယူအက်စ်ဒေါ်လာ ၁၈၀ ( မြန်မာငွေကျပ် ၂၄၀ ၈၄၀) ဖြစ်ကြောင်း ဦးသာဓု ကပြောခဲ့သည်။

မြိတ်လေဆိပ်တွင် နိုင်ငံတကာခရီးသွားများ အဆင်ပြေချောမွေ့မှု ရှိစေရန်အတွက် လူဝင်မှုကြီးကြပ်ရေးဌာနနှင့် အခြားလိုအပ်သည့် ပစ္စည်းများကို နေရာချထားပေးပြီဖြစ်သည်။

Link: https://www.mmtimes.com/news/direct-flights-begin-between-myeik-airport-and-bangkok.html

## ကန် အထောက်အပံ့ဖြင့် အရပ်ဖက်အဖွဲ့အစည်း ၄ ခုမှ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်မည်

Myanmar Times, 23 February 2018

မြန်မာနိုင်ငံတောင်ပိုင်းဒေသ၌ ဒေါ်လာ ၄၈ သန်းသုံးစွဲမည့် စီမံကိန်း အသစ်တစ်ခု၏ တစိတ်တပိုင်းအနေဖြင့် အမေရိကန်နိုင်ငံတကာ ဖွံ့ ဖြိုးရေး အေဂျင်စီက ကယားပြည်နယ်ရှိ ဒေသခံအဖွဲ့အစည်း ၄ ခုနှင့်အတူ မိတ်ဖက်လက်တွဲမှုကို စတင်လိုက်သည်။



အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီက ယင်းအစီအစဉ်ကို Advancing Community Empowerment in Southestern Myanmar (ACESM) ဟု အမည်ပေးထားပြီး အရပ်ဖက်အဖွဲ့အစည်း တစ်ဖွဲ့ချင်း၏ ကန်ဒေါ်လာ ၁ သိန်းအောက် အဆိုပြုလွှာများကို လက်ခံခဲ့သည်။

ယင်းအစီအစဉ်တွင် ကယား( ကရင်နီ) ပြည်နယ်အခြေစိုက် မောဒူကလားမေးလူမှုဖွံ့ဖြိုးရေးအသင်း၊ ကယန်းအမျိုးသမီးအစည်းအရုံး၊ ကရင်နီ နယ်လှည့်ကျန်းမာရေးကော်မတီနှင့် ကရင်နီအမျိုးသမီးအစည်းအရုံးတို့ ပါဝင်မည်ဖြစ်သည်။

၅ နှစ် စီမံကိန်းအဖြစ်အကောင်အထည်ဖော်မည့် ယင်းအစီအစဉ်ကို Pact Myanmar က ပူးတွဲလုပ်ဆောင်မည်ဖြစ်သည်။

အုပ်ချုပ်ရေးနှင့် ပညာရေးကဏ္ဍကို မြှင့်တင်ပေးခြင်း၊ ပြည်သူ့ ကျန်းမာရေး၊ ရေသန့်ရှင်းရေးနှင့် တကိုယ်ရေ ကျန်းမာရေးကဏ္ဍများကို ပိုမိုကောင်းမွန်ရန် ပံ့ပိုးမှုများကို အထောက်အပံ့ရရှိသူများက လုပ်ဆောင်သွားမည်ဖြစ်သည်။

Link: https://www.mmtimes.com/news/usaid-funds-48m-project-southeastern-myanmar.html

## KBZ မှ မကွေးတွင် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူ အမျိုးသမီးများအတွက် ချေးငွေများ ပေးအပ်

Myanmar Times, 23 February 2018

အမျိုးသမီး စိုက်ပျိုးရေးထုတ်လုပ်သူများသည်လည်း ယခုအခါ ကမ္ဘောဇဘဏ်မှ ချေးငွေများ ရရှိနိုင်ပြီဖြစ်သည်။ KBZ ဘဏ်နှင့် NGO ActionAid မှ ၎င်းတို့သည် စိုက်ပျိုးရေးလုပ်ကိုင်သူအမျိုးသမီးများနှင့် ကုန်သည်များအတွက် ငွေကြေးရရှိမှု ကောင်းမွန်လာစေရန်အတွက် ပူးပေါင်းလုပ်ဆောင်မှုတစ်ရပ် စတင်နေပြီဖြစ်ကြောင်း ဖေဖော်ဝါရီလ(၁၅) ရက်နေ့တွင် ကြေငြာခဲ့သည်။

မကွေးတိုင်း၊ ပခုက္ကူမြို့နယ်မှ စိုက်ပျိုးထုတ်လုပ်မှုလုပ်ကိုင်သူ အမျိုးသမီးများသည် ယခုအခါ KBZ ဘဏ်မှ ငွေချေးယူရန် လျှောက်ထားနိုင်ပြီဖြစ်သည်။ စီမံကိန်းကို NGO နှင့်အတူ ၁၂ လ စမ်းသပ် စီမံကိန်းအဖြစ် ပြုလုပ်မည်ဖြစ်သည်။

တစ်ဦးချင်းအလိုက် ချေးယူသောသူများသည် ငွေကျပ် ၁၅ သိန်းထိ ချေးယူနိုင်သည်။ အတိုးမှာ နှစ်စဉ် ၁၃ရာခိုင်နှုန်းဖြစ်ပြီး ၃ လ တစ်ကြိမ် ပေးဆောင်ရမည်ဖြစ်သည်။

"ဘဏ်ရဲ့ ပေါ်လစီအရ ၃ လ တစ်ကြိမ် အတိုးပေးဖို့ လိုအပ်ပါတယ်။ ဒါပေမယ့်လည်း ရာသီဥတုကြောင့်ပဲဖြစ်ဖြစ်၊ ရိတ်သိမ်းတာနောက်ကျလို့ပဲဖြစ်ဖြစ် ၃ လ တကြိမ် မပေးနိုင်ဘူးဆိုရင် နှစ်ကုန်ပြီးမှ ပေးနိုင်အောင် ကျွန်တော်တို့ စီစဉ်ထားပါတယ်။ နောက်မှ အတိုးကို စုပြီး တွက်ချက်ပေးပါမယ်" ဟု ဘဏ်မန်နေဂျာက ပြောခဲ့သည်။

Link: https://www.mmtimes.com/news/kbz-bank-offers-loans-female-cultivators-magwe.html

## ရန်ကုန်- မြိတ်- ကော့သောင်း ပြည်ထောင်စုလမ်းမကြီးရှိ တနင်္သာရီ မြစ်ဖြတ်ကျော်တံတား တည်ဆောက်နေ

Eleven Myanmar, 20 February 2018

ရန်ကုန်- မြိတ်- ကော့သောင်း ပြည်ထောင်စုလမ်းမကြီးရှိ တနင်္သာရီမြစ်ဖြတ်ကျော်တံတားတစ်စင်းကို ကျပ် ၆ ဘီလီယမ်ကျော် အကုန်အကျခံ တည်ဆောက်လုပ်လျှက်ရှိသည်။ ဆောက်လုပ်ရေးသည် ၂၀၂၀ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။



လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးဖြစ်သူ ဦးဝင်းခိုင်မှ တနင်္သာရီမြစ် ဖြတ်ကျော်တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်ကို ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် သွားရောက်လည်ပတ်ခဲ့သည်။

" ကျွန်တော်တို့ရေလည်တိုင်ကို စတင်ဆောက်လုပ်နေပါပြီ။ တံတားအရှည်ကတော့ ၁၄၄၃. ၆၄ ပေ ရှည်ပြီး အကျယ်ကတော့ ၂၈. ၈၉ ပေ ရှိပါတယ်။ သံရောင်ခြည်အမျိုးအစားပါ။ ၂၀၂၀ခုနှစ် မတ်လကုန်ဆိုရင် လူတွေ အသုံးပြုလို့ ရပါပြီ " ဟု တံတားဆောက်လုပ်ရေးစီမံကိန်းမှ ကြီးကြပ်ရေးမှူးဖြစ်သူ ဦးဝင်းအောင်က ပြောခဲ့သည်။

တံတားဆောက်လုပ်ကုန်ကျငွေမှာ ငွေကျပ် ၆ ဘီလီယမ်ရှိကြောင်း ဦးဝင်းအောင်က ပြောသည်။ ဆောက်လုပ်ရေးလုပ်ငန်းများကို တနင်္သာရီဒေသကြီးအစိုးရ ကော်မတီမှ မ တည်ပေးသည့် ငွေကျပ် ၃ ဘီလီယမ်ဖြင့် ယမန်နှစ် ဩဂုတ်လ ၁ ရက်နေ့တွင် စတင်ခဲ့သည်။

စီမံကိန်းပြီးစီးပါက တနင်္သာရီဒေသနှင့် ထိုင်း- မြန်မာနယ်စပ်ဒေသရှိ မြိတ်နှင့် ကော့သောင်းမြို့အတွင်း သွားရေးလာရေး လွယ်ကူအဆင်ပြေဖို့ အရေးပါလာမည်ဖြစ်သည်။ ကားတန်ချိန် ၇၅ တန် ဖြတ်သန်းသွားလာနိုင်သည်။

Link: http://www.elevenmyanmar.com/local/13452

## ချင်းပြည်နယ် လိုင်လင်းဗီမြို့တွင် မီတာ ၈၀၀ အရှည်ရှိ လေယာဉ်ကွင်းငယ် တည်ဆောက်နေ

Burma News International, 25 February 2018



ချင်းပြည်နယ်တောင်ပိုင်း၊ မတူပီခရိုင်၊ လိုင်လင်းဗီမြို့တွင် ၂၀၁၈ ခုနှစ်၊ နှစ်ဆန်းပိုင်းက စတင်၍ လေယာဉ်ကွင်းငယ် တစ်ခု စတင် တည်ဆောက်နေပြီး ၂၀၂၀ ခုနှစ်တွင် အပြီးသတ် ဆောက်လုပ် သွားမည်ဖြစ်ကြောင်း သိရသည်။

ဘက်စုံသုံးလေယာဉ်ငယ်များ ဆင်းသက်နိုင်မည့် မီတာ ၈၀၀ အရှည်ရှိ အဆိုပါ လေယာဉ်ကွင်းငယ်သည် ချင်းပြည်နယ်အလယ်ပိုင်း၊ ဖလမ်းမြို့တွင် တည်ဆောက်နေသည့် လေဆိပ်ကို အထောက်အကူဖြစ်စေမည့် ချင်းပြည်နယ် အစိုးရ၏ ၅ နှစ်တာ မဟာဗျူဟာ အစီအစဉ်တွင်လည်း ပါဝင်သည်။

ယင်းစီမံကိန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ လမ်းညွှန်မှုဖြင့်

MAF အင်တာနေရှင်နယ်( မြန်မာ) နှင့် ကျန်းမာခြင်းနှင့် မျှော်လင့်ခြင်း ( မြန်မာ) အဖွဲ့တို့က အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

အမေရိကန်ဒေါ်လာ (၂. ၂)သန်း ခန့်မှန်းကုန်ကျမည့် ယင်းလေယာဉ်ကွင်းငယ်ကို ၂၀၁၇ ခုနှစ်တွင် ဆောက်လုပ်ခွင့်၊ ခွင့်ပြုချက်ရရှိခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် အပြီးသတ်ဆောက်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

မတူပီခရိုင်၊ လိုင်လင်းပီမြို့တွင် တည်ဆောက်နေသည့် အဆိုပါ လေယာဉ်ကွင်းငယ်သည် မြို့၏ မြောက်ဘက် တောင်တန်း၊ ကုန်းမြင့်ငယ်များတွင် မြေများညှိယူ၍ တည်ဆောက်နေပြီး မြို့ရွာချင်းဆက် လမ်းများကတစ်ဆင့် ဒေသခံလူဦးရေ ၄ သောင်း ဝန်းကျင်ကို တိုက်ရိုက်ဆက်သွယ်မှု ပေးစွမ်းနိုင်မည် ဖြစ်သည်။

ထို့ပြင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် အခြားမြို့ကြီးများနှင့် ဆက်သွယ်သွားလာမှု လွယ်ကူလာမည်ဖြစ်ကာ ချင်းပြည်နယ်တောင်ပိုင်း လူဦးရေ ၂၃ ရာခိုင်နှုန်းခန့်အတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

Link: https://www.bnionline.net/en/news/chin-state-get-small-airport

## ရန်ကုန် ဘူတာကြီး ဘက်စုံ ဖွံ့ဖြိုးရေး ၈နှစ် အတွင်း အပြီးဆောင်ရွက်မည်ဟု ဆို

Myanmar Times, 21 February 2018

ရန်ကုန်ဘူတာကြီး အဆင့်မြှင့်စီမံကိန်းစီမံကိန်းအတွက် မြန်မာ- တရုတ် - စင်ကာပူ လုပ်ငန်းစုအား နိုင်ငံတော်က ရွေးချယ်ခဲ့ပြီး နိုင်ငံတော်အတွက် အကျိုးအမြတ်အဖြစ် တစ်ကေလျှင် မြေအသုံးပြု ဒေါ်လာ ၃သန်းကျော်နှုန်း ရရှိမည် ဖြစ်ကြောင်း မြန်မာ့မီးရထား ဌာနထံမှ သတင်းရရှိ သည်။



အကျိုးအမြတ်အနေဖြင့် နိုင်ငံတော်က စုစုပေါင်းဧက ၆၃ ဧကမှ လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့်အနက် ၃၆ဧကကို အပိုင်း ၃ပိုင်း ခွဲခြားကာ ငွေကြေး ကောက်ခံသွားမည်ဖြစ်သည်။ နိုင်ငံတော်ကိုပေးရမည့် နှုန်းထားများမှာ မြေအသုံးပြုခ အနေဖြင့် တစ်ဧကလျှင် အမေရိကန် ဒေါ်လာ ၃ သန်းကျော် နှင့် မြေငှားခအနေဖြင့် တစ်စတုရန်းကို ၂၀ကျပ် ကျော်၊ ဝန်ထမ်းအိမ်ရာ အသုံးပြုမှုအတွက် အမေရိကန်ဒေါ်လာသန်း ၅၀ ဖြင့် ဆောက်လုပ် အကောင်ထည်ဖော်သွားမည်ဖြစ်သည်။ စီမံကိန်းကာလ ရှစ်နှစ်ခန့် ကြာမြင့်နိုင်မည်ဖြစ်ပြီး ဘီအိုတီ စာချုပ်ဖြင့် နှစ် ၅၀ လုပ်ကိုင်ခွင့် ရရှိမည်ဖြစ်သည်။

စီမံကိန်းများကို လာမည့်လတွင် စတင်အကောင်ထည် ဖော်သွားမည်။ လက်ရှိတွင် တင်ဒါလုပ်ငန်းအပိုင်းများနှင့် ဆောက်လုပ် အကောင်အထည်ဖော်သွားမည့် အခန်းကဏ္ဍများကို ရေးဆွဲလျက်ရှိကြောင်း သိရသည်။ စင်ကာပူနိုင်ငံတွင် မှတ်ပုံတင် အမှတ် 201005612G ဖြင့် မှတ်ပုံတင်ထားသည့် Oxley Holding ကုမ္ပဏီ၏ ဖေဖော်ဝါရီလ ၁၄ ရက်ညပိုင်းတွင် ထုတ်ပြန်ထားချက်အရ ယင်းစီမံကိန်း တွင် မြန်မာနိုင်ငံဘက်မှ Min Dharma Co,Ltd နှင့် တရုတ်နိုင်ငံမှ Sino Great Wall Co, Ltd တို့ ပါဝင်မည်ဖြစ်ပြီး ယင်းစီမံကိန်းအတွက် ( Preferred Bidder ) နှစ်သက်ဖွယ် အဆိုပြုသူအဖြစ် ရွေးချယ်ခံရပြီး အသေးစိတ် အချက်အလက်များနှင့် ဥပဒေကြောင်းအရ ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် ညှိနှိုင်းမှုများ ဆက်လက် လုပ်ကိုင်သွားမည်ဖြစ် ကြာင်း သိရသည်။

Link: https://www.mmtimes.com/news/eight-years-needed-build-yangon-railway-station-project.html

## US စီမံကိန်းမှ မြန်မာနိုင်ငံရှိ အပူပိုင်းဒေသများကို တိုးတက်ရန် ကူညီပေးနေ

Burma News International, 15 February 2018



မိခင်နှင့် ကလေးသေဆုံးမှုလျော့ချရန်၊ အစားအစာ အန္တရယ်ကင်းမှု၊ အန္တရယ်ကင်းသည့် ရေရှိမှုနှင့် အဆင့်မြင့် တကိုယ်ရေသန့်ရှင်းမှုရရှိရန်အတွက်The U.S. Agency for International Development’s (USAID) အဖွဲ့၏ ဒေါ်လာသန်း ၇၀ သုံးသော စီမံကိန်းတစ်ခုဖြစ်သည့် ရှေ့သို့ စီမံကိန်းတစ်ခုသည် မတ်လတွင် ပြီးဆုံးမည်ဖြစ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်နှင့် ကယားပြည်နယ်ရှိ လူထုအသိုင်းအဝိုင်း အဖွဲ့အစည်းများကို

နိုင်မာလာစေခဲ့သည်။

US AID မှ စီမံကိန်းသည် တိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့ကြောင်း ဖေဖော်ဝါရီလ(၁၅)ရက်နေ့တွင် ကြေငြာခဲ့သည်။

"ရှေ့သို့ စီမံကိန်းက ရာထောင်ချီရှိတဲ့ ပြည်သူလူထုကို အကူအညီပေးနိုင်ခဲ့ပါတယ်"ဟု USAIDက ပြောခဲ့သည်။

Link: https://www.bnionline.net/en/news/us-project-helps-myanmar-dry-zone-development

### <u>အီတာလျံ ကုမ္ပဏီမှ မန္တလေး ရေပေးဝေမှု စီမံကိန်းအတွက် ရေသန့်စင်စနစ် ပံ့ပိုးပေးမည်</u>

Frontier Myanmar, 8 February 2018

မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်၌ ရေပေးဝေခြင်းကို အဆင့်မြှင့်တင်ရန်အတွက် အီတာလျံနည်းပညာအဖွဲ့ကို ရွေးချယ်ထားပြီးဖြစ်ကြောင်း ဖေဖော်ဝါရီ(၆)ရက်နေ့က ဖော်ပြထားသည်။



မီလန်အခြေစိုက် ဒီနိုရာရေနည်းပညာဆိုင်ရာအဖွဲ့မှ စီမံကိန်းအတွက် လျှပ်စစ်ကလိုရင်းစနစ်ကို ပံ့ပိုးပေးမည်ဖြစ်ပြီး ထိုစနစ်ကြောင့် မန္တလေးမြို့ရှိ မြို့နယ်တွင် အိမ်ထောင်စု (၆၀၀၀)ခန့်ကို အကျိုးရရှိစေမည်ဖြစ်သည်။

၂၀၁၆ခုနှစ်၊ စက်တင်ဘာလတွင် ဂျပန်တိုဘီရှီးမားနှင့် အစိုးရမှ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီ လက်မှတ်ရေးထိုးထားသည့် အတိုင်း ၁.၇၉၇ ဘီလီယမ်တန်ဖိုးခန့်ကို မြို့နယ်တွင် ရေပေးဝေခြင်း အဆင့်မြှင့်တင်ရန်အတွက် အသုံးပြုမည်ဖြစ်သည်။

စီမံကိန်းတွင် ရေပိုက်လိုင်းများ သွယ်တန်းခြင်း၊ ရေတွင်းများ၊ ရေစည်များ၊ ရေပန့်များနှင့် ရေမီတာ စသည်တို့ ပါဝင်ပြီး ပြီးခဲ့သည့် အောက်တိုဘာလတွင် စတင်ခဲ့ကာ ဇူလိုင်လတွင် အပြီးသတ်မည်ဖြစ်သည်။ စီမံကိန်းအား ဂျပန်နိုင်ငံ ပြည်ပအကူအညီပေးရေးအဖွဲ့ JICA မှ ထောက်ပံ့ပေးသည်။

Link: https://frontiermyanmar.net/en/mandalay-de-nora-purification-system-water-supply-project

### <u>တိုင်းပြည်၏ စိုက်ပျိုးရေးလုပ်ငန်း အရှိန်အဟုန်တိုးမြင့်လာ</u>

Global New Light of Myanmar, 22 February 2018



စိုက်ပျိုးရေးကဏ္ဍသည် မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သည်။ နိုင်ငံ၏စီးပွားရေးတိုးတက်မှုမှာ စိုက်ပျိုးထုတ်လုပ်မှုအပေါ် အဓိက မူတည်လျက်ရှိပြီး အနံ့အပြားတွင် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဦးတည်ထားဆောင်ရွက်နေသည်။

စိုက်ပျိုးထုတ်ကုန်များသည် များပြားသောပို့ကုန်တင်ပို့မှုများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံ၏စီးပွားရေးအတွက် အရေးပါဆုံးသောကဏ္ဍဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းထုတ်ကုန်တွင် (၂၀. ၁)ရာခိုင်နှုန်းရှိပြီး ငွေကျပ် ၁၁ ၃၅၇.၄၁ ဘီလီယံရှိသည်။ မြန်မာနိုင်ငံ၌ တိုင်းပြည်၏ကျေးလက်ဒေသများတွင်နေထိုင်သော လူဦးရေအများစုမှာ စိုက်ပျိုးရေး၌ ၎င်းတို့၏ အသက်မွေးဝမ်းမှုအတွက် လယ်ယာနှင့် တောတောင်များအပေါ်တွင် မှီခိုလျက်ရှိပြီး စိုက်ပျိုးရေးသည် ကျေးလက်ဖွံ့ဖြိုးရေးအတွက် အရေးပါသည့်အရာတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံသည် အိန္ဒိယ၊ ထိုင်းနှင့်တရုတ်နိုင်ငံများအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေး ဖွင့်ထားခဲ့ပြီး ပိုမို ကုန်သွယ်မှု ရရှိနိုင်ရန် ရည်ရွယ်ထားသည်။

Link: http://www.globalnewlightofmyanmar.com/boosting-countrys-agriculture/

## တရားဥပဒေနှင့်အုပ်ချုပ်မှု

**<u>အသစ်ဖွဲ့စည်းလိုက်သည့် (KNDP) ပါတီကို တရားဝင်နိုင်ငံရေးပါတီအဖြစ် ရွေးကောက်ပွဲကော်မရှင် ခွင့်ပြု</u>**

Karen News, 2 March 2018

ကရင်ပြည်နယ် အခြေစိုက် ကရင်ပါတီ ၃ ပါတီကို ဖျက်သိမ်းပြီး ပူးပေါင်းဖွဲ့စည်းထားသည့် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party-KNDP)ကို တရားဝင် နိုင်ငံရေးပါတီအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ပါတီတာဝန်ရှိသူများက ဖေဖော်ဝါရီလ ၂၅ ရက် (ယနေ့) တွင် ပြောကြားခဲ့သည်။



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ပါတီအသစ်တစ်ခု ဖြစ်လာ မည့် KNDP ပါတီအား မှတ်ပုံတင်အမှတ် ၁၀၈ ဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉ နှင့် အညီ နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ဖေဖော်ဝါရီလ ၂၂ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေငြာထားသည်။

ပူးပေါင်းလိုက်သည့်ပါတီများမှာ ကရင်ပြည်နယ်အတွင်း အခြေစိုက်သည့် ကရင်ဒီမိုကရက်တစ်ပါတီ(KDP)၊ ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ(KSDDP)၊ စည်းလုံးညီညွတ်သော ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီတို့ဖြစ်သည်။

ကရင်ပြည်နယ်အတွင်း ကရင်ပါတီ ၄ ပါတီရှိသည့်အနက် ၃ ပါတီသာ ပေါင်းစည်းနိုင်သေးပြီး ကျန်ရှိသည့် ပါတီတစ်ခုဖြစ်သည့် ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ-PSDP အနေဖြင့် လတ်တလော မပေါင်းစည်းနိုင်သေးသော်လည်း ပါတီဝင်အချို့ နှုတ်ထွက်ကာ KNDP သို့ သွားရောက်ပူးပေါင်းမည်ဖြစ်ကြောင်း ယင်းပါတီမှ တာဝန်ရှိ သူတစ်ဦး၏ ထုတ်ဖော်ပြောဆိုချက်အရ သိရသည်။

Link: http://karennews.org/2018/03/new-united-karen-partys-registration-accepted-by-union-election-commission/

## ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး

**<u>ကေအန်ပီပီနှင့် အစိုးရ ငြိမ်းချမ်းရေးကော်မရှင်တို့ ရန်ကုန်တွင် တွေ့ဆုံဆွေးနွေးမည်</u>**

Myanmar Times, 5 March 2018

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(ကေအန်ပီပီ)နဲ့ အစိုးရငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့တို့ လာမယ့် မတ်လ ၇ ရက်နေ့ ရန်ကုန်မြို့မှာ သီးသန့်တွေ့ဆုံ ဆွေးနွေးမယ်လို့ ကေအန်ပီပီ အထွေထွေအတွင်းရေးမှူး ဦးရွှေမျိုးသန့်က ပြောပါတယ်။

ကေအန်ပီပီအနေနဲ့ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (အန်စီအေ) လမ်းကြောင်းအတိုင်း သွားမှာဖြစ်ပြီး အန်စီအေ မထိုးနိုင်ခင် ပြည်နယ်အတွင်း ငြိမ်းချမ်းရေး ထိန်းသိန်းနိုင်ဖို့အရေး အဓိက ဆွေးနွေးသွားမယ်လို့ ဦးရွှေမျိုးသန့်က ပြောပါတယ်။

"ကျနော်တို့ အန်စီအေ လမ်းကြောင်းအတိုင်းပဲ သွားမယ်။ အန်စီအေ မထိုးနိုင်သေးခင်မှာ ကျနော်တို့ ကရင်နီပြည်နယ် ငြိမ်းချမ်းရေးကို ဘယ်လို ထိန်းသိမ်းသွားမယ်။ အဲဒီကိစ္စ အဓိကပါပဲ။"

ကရင်နီအမျိုးသားတိုးတက်ရေးပါတီဟာ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ ယူအန်အက်ဖ်စီ အဖွဲ့ဝင်ဖြစ်ပြီး ဒီတွေ့ဆုံပွဲဟာ အဖွဲ့ဝင်အနေနဲ့ တွေ့ဆုံတာ မဟုတ်ဘဲ သူတို့တဖွဲ့တည်း သီးသန့်တွေ့ဆုံမှာလို့လည်း ပြောပါတယ်။

အစိုးရအနေနဲ့ ယူအန်အက်ဖ်စီ တပ်ပေါင်းစုလက်ကျန် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(ကေအန်ပီပီ) အန်စီအေမှာ ပါဝင်လာဖို့ တဖွဲ့ချင်း ဆက်လက် ဆွေးနွေးသွားမှာဖြစ်ပြီး ရခိုင်ပြည်အမျိုးသားကောင်စီ(ANC)ကတော့ အပစ်ရပ်စာချုပ်မှာ ပါဝင်နိုင်ဖို့ မလွယ်တော့ဘူးလို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဦးစီးဌာန ညွှန်ချုပ် ဦးဇော်ဌေးက ပြောထားပါတယ်။

Link: https://www.mmtimes.com/news/government-and-karenni-hold-fresh-nca-talks.html

**<u>နစ်ဖက်တပ်များ လိုက်နာရမည့် စည်းကမ်းများကို ပြည်သူများ သိထားရန်လိုဟု မွန်ပြည်နယ် နယ်လုံဝန်ကြီး ပြောကြား</u>**

Karen News, 22 February 2018



အပစ်ရပ်ကာလအတွင်း နစ်ဖက်တပ်များ လိုက်နာရမည့် စည်း ကမ်းများနှင့်ပတ်သက်၍ ပြည်သူများ သိထားရန်လို သည် ဟု ဖေဖော်ဝါရီ ၁၉ ရက်နေ့တွင် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာ၌ ပြုလုပ်သည့် ပြည်နယ်အ ဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်နေရေးကော်မတီ (JMC-S)နှင့် ဒေသခံများ တွေ့ဆုံပွဲတွင် မွန်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ် စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦးက ပြောသည်။

၎င်းက"ပြည်သူလူထုကို ဝန်ထုပ်ဝန်ပိုးဖြစ်စေမယ့် ကိစ္စတွေ မလုပ်ရဘူး၊ လူတွေမဖမ်းရဘူး၊ ဆက်ကြေးတွေ မကောက်ရဘူး၊ အခွန်အကောက်တွေ မလုပ်ရဘူး၊ အတင်းအဓမ္မ လုပ်ခိုင်းစေခြင်း မပြုရဘူး၊ ပြည်သူတွေရဲ့ မြေယာအဆောက်အဦး သိမ်းပိုက်ယူခြင်း မပြုရဘူး။ နစ်ဖက်တပ်တွေအားလုံး လိုက်နာရမယ့် စည်းကမ်းတွေ ပြည်သူလူထု သိထားဖို့ လိုမှာဖြစ်ပါတယ်" ဟု ဗိုလ်မှူးကြီး ဝင်းနိုင်ဦးက ပြောသည်။

ထို့အပြင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ ရာဘာခြံ စသည်ဖြင့် အဖွဲ့အစည်းများက အခွန်ကောက်လျှင် ဖုန်းဖြင့် ဖြစ်စေ၊ စာ နှင့်ဖြစ်စေ သတင်းပေး တိုင်ကြားရန်လိုပြီး ပြည်နယ် ပူးတွဲအပစ်ရပ်စောင့်ကြည့်ရေးကော်မတီ JMC-S အနေဖြင့် ထိန်းပေးသွားမည် ဖြစ်သည်ဟု သူက ဆက်ပြောသည်။

အဆိုပါ လူထုတွေ့ဆုံပွဲသို့ မွန်ပြည်နယ် JMC-S ကော်မတီ ဒုဥက္ကဌ နော်ဆာထူး၊ အဖွဲ့ဝင် ဗိုလ်မှူးကြီး ဝင်းနိုင်ဦးတို့ အပါအဝင် KNU တပ်မဟာ(၆)မှ ဗိုလ်မှူးကြီးစောဂျိုးစွာ၊ ဗိုလ်မှူးစောစဲနေထူး၊ ကော်မတီအဖွဲ့ဝင် ၁၃ ဦးတက် ရောက်ကာ JMC-S လုပ်ငန်းစဉ်များကို ရှင်းလင်းပြောဆိုခဲ့သလို အခမ်းအနားသို့ ဒေသခံလူထု ၃၀၀ ဝန်းကျင် တက်ရောက်ခဲ့သည်။

မွန်ပြည်နယ် JMC-S အနေဖြင့် ဒေသခံ လူထုတွေ့ဆုံပွဲများကို ပုံမှန်ပြုလုပ်လေ့ရှိပြီး ယခုမုဒုံမြို့နယ်၊ အဘစ်ကျေးရွာ၌ ပြုလုပ်သည့် တွေ့ဆုံပွဲသည် (၁၂) ကြိမ်မြောက် တွေ့ဆုံပွဲဖြစ်ကြောင်းသိရသည်။

Link: https://www.bnionline.net/en/news/public-needs-know-code-conduct-says-mon-bordersecurity-minister

**စိတ်ကြွဆေးပြား တစ်သောင်းကျော်နှင့် ဘိန်းမဲ တစ်ကီလိုကို ကေအဲန်ယူရဲတပ်ဖွဲ့ မီးရှို့ဖျက်ဆီး**

Karen News, 2 March 2018

မြင်းဆေး (ခေါ်) မူးယစ်စိတ်ကြွဆေးပြား အလုံး တစ်သောင်းကျော်နှင့် ဘိန်းမဲ တစ်ကီလိုကို ကေအဲန်ယူ-ကရင်အမျိုးသားအစည်း အရုံး၏ ဒူးပလာယာခရိုင်၊ ကရင်အမျိုးသားရဲတပ်ဖွဲ့(Karen National Police Force – KNPF)က ဖေဖော်ဝါရီ ၂၅ရက်နေ့တွင် မီးရှို့ဖျက်ဆီးလိုက်ကြောင်း ခရိုင် KNPF တာဝန်ရှိသူများက ကေအိုင်စီသို့ ပြောသည်။



အဆိုပါစိတ်ကြွဆေးပြား၊ ဘိန်းမဲနှင့် ဆေးခြောက်အနည်းငယ် တို့ကို ၂၀၁၇ ခုနှစ်အတွင်းက ဒူးပလာယာခရိုင်ရှိ နို့တကော (ကြာ အင်း)၊ ကော့ကရိတ်၊ ကျုံဒိုးနှင့် ဝေါင်းရော် (ဝင်းရေး)မြို့နယ် လေးခုတို့တွင် KNPF က ဖမ်းဆီးရမိခဲ့ပြီးနောက် ဖေဖော်ဝါရီ လ ၂၅ရက်နေ့က ပြုလုပ်သည့် ဒူးပလာယာခရိုင် KNPF ရုံးဖွင့်ပွဲ အ ခမ်းအနားတွင် မီးရှို့ဖျက်ဆီးခဲ့ ခြင်းဖြစ်သည်။

(၁၆)ကြိမ်မြောက် ကေအဲန်ယူကွန်ဂရက်၏ ဆုံးဖြတ်ချက်အရ ကရင်အမျိုးသားရဲတပ်ဖွဲ့ကို စနစ်တကျ ပြန်လည်သတ်မှတ် အ တည်ပြုပြီးနောက် ကေအဲန်ယူ ထိန်းချုပ်နယ်မြေရှိ ခရိုင်များ ဖြစ်သည့် သထုံ၊ တောင်ငူ၊ ညောင်လေးပင်၊ ဘိတ်-ထားဝယ်၊ ဖာပွန်၊ ဒူးပလာယာနှင့် ဖားအံ စသည့်ခရိုင်(၇)ခုအနက် KNPF ခရိုင်ရုံးအဖြစ် ယခုလို ဖွင့်လှစ် လိုက်သည်မှာ ပထမဆုံးအကြိမ် ဖြစ်သည်။

ကေအဲန်ယူ ဒူးပလာယာခရိုင် ရဲတပ်ဖွဲ့အနေဖြင့် ခရိုင်အတွင်းရှိ မူးယစ်ဆေးဝါး အမှုအခင်းများအပြင် လူသတ်မှု၊ အဓမ္မပြုကျင့်မှု၊ ခိုးမှု စသည့် ရာဇဝတ်မှုများကို သက်ဆိုင်ရာ ကေအဲန်ယူ၏ တရားစီရင်ရေး ဥပဒေနှင့်အညီ ကိုင်တွယ်ဖြေရှင်းလျှက်ရှိရာ လက်ရှိအချိန်တွင် ၎င်းအမှုများဖြင့် အကျဉ်းသား ၄၀ ကျော်ကို ထိန်းသိမ်းထားလျှက်ရှိသလို မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို အစိုးရ ရဲတပ်ဖွဲ့နှင့်လည်း ပူးပေါင်းလုပ်ဆောင်မှု တစုံတရာရှိသည်ဟုလည်း ခရိုင်ရဲမှူးကြီး ဒုဗိုလ်မှူးကြီးစောတီးတုက ကေအိုင်စီသို့ ပြောဆိုခဲ့သည်။

Link: http://karennews.org/2018/03/new-karen-police-office-opens-by-destroying-speed-pills-and-opium/

## ၂၁ ရာစု ပင်လုံ တတိယအကြိမ် အစည်းအဝေးကို ဧပြီလကုန်(သို့) မေလဆန်းတွင် ကျင်းပမည်

Mizzima, 1 March 2018



ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံ တတိယအကြိမ် အစည်းအဝေးကို ဧပြီလကုန် (သို့မဟုတ်) မေလဆန်းတွင် ကျင်းပရန် အစိုး ရနှင့် အပစ်ရပ်လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား သဘောတူညီမှု ရရှိခဲ့သည်။

အစိုးရ ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များ တက်ရောက်ခဲ့သည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM)အား ယမန်နေ့ ဖေဖော်ဝါရီလ ၂၈ ရက်နေ့က နေပြည်တော်တွင် ကျင်းပခဲ့ပြီး ယင်းအစည်းအဝေး၌ သဘောတူညီချက် ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

၂၁ ရာစုပင်လုံ အစည်းအဝေးအား ဇန်နဝါရီလကုန်ပိုင်းတွင် ကျင်းပရန် သတ်မှတ်ထားခဲ့သော်လည်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ၊ လူထုတွေ့ဆုံပွဲများ ကျင်းပရာတွင် အဆင်မပြေမှု မပြေလည်မှုများ ရှိခဲ့ခြင်းကြောင့် ၂၁ ရာစုပင်လုံ ကျင်းပရန်ရက်ကို ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

Link: http://www.mizzima.com/news-domestic/union-peace-conference-be-held-april-or-may

## CNF နှင့် KNO တို့ကို အဖွဲ့ဝင်အဖြစ် ပြန်လက်ခံသွားရန် UNFC ဆုံးဖြတ်

Myanmar Times, 27 February 2018

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) မှ အဖွဲ့ဝင်ဟောင်းဖြစ်သည့် ကချင်အမျိုးသားအစည်းအရုံး (KNO)၊ ယာယီရပ်စဲခဲ့သော ချင်းအမျိုးသားတပ်ဦး(CNF)တို့ကို အဖွဲ့ဝင်အဖြစ် ပြန်လည်လက်ခံသွားရန် ဆုံးဖြတ်ခဲ့သည်ဟု သိရသည်။

ဖေဖော်ဝါရီလ ၂၃ ရက်မှ ၂၅ ရက်ထိ ကျင်းပခဲ့သော UNFC ၏ ပုံမှန်အစည်းအဝေးတွင် အဆိုပါ အဖွဲ့အစည်း ၂ ဖွဲ့ကို လာမည့် ဇူလိုင်လတွင် ကျင်းပမည့် အရေးပေါ် ညီလာခံတွင် အဖွဲ့ဝင် အဖွဲ့အစည်းများအဖြစ် ပြန်လည် လက်ခံသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

“ အခုက ပုံမှန်အစည်းအဝေးမှာ ပြီးခဲ့တဲ့ ညီလာခံမှာ ချမှတ်ထားခဲ့တဲ့ လုပ်ငန်းစဉ်တွေ၊ ဆုံးဖြတ်ချက် သဘောထားတွေကို ကျွန်တော်တို့ ပြန်လည် သုံးသပ်ချက်တွေ လုပ်ပါတယ်။ အဲဒီလို လုပ်တဲ့အခါမှာ အဖွဲ့ဝင် အဖွဲ့အစည်းများနဲ့ သက်ဆိုင်တဲ့ ကဏ္ဍရပ်မှာပေါ့လေ။ ဒီရှိနေတဲ့ အခြေအနေအောက်မှာ CNF ( The Chin National Front)ဟာ ကျွန်တော်တို့ ယူအန်အက်ဖ်စီနဲ့ ပူးပေါင်းဆောင်ရွက်လိုတဲ့ ဆန္ဒသဘောထားလည်းရှိတယ်။ အဲဒါကြောင့် ကျွန်တော်တို့ရဲ့ လုပ်ထုံးလုပ်နည်းအရ လက်ခံဖို့ ဆုံးဖြတ်လိုက်တာဖြစ်ပါတယ်” ဟု UNFC ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးထွန်းဇော်က ပြောသည်။

KNO သည်လည်း ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလက UNFC စတင်တည်ထောင်စဉ်ကတည်းက ပါဝင်ခဲ့သော အဖွဲ့အစည်းဖြစ်ပြီး UNFC တွင် KIO နှင့် KNO ဟူ၍ ကချင်အဖွဲ့အစည်း ၂ ဖွဲ့ဖြစ်နေ၍ ညီညွတ်ရေးကို ပြသသည့်အနေဖြင့် နှစ်ဖွဲ့တွင် KIO တစ်ဖွဲ့ထဲ အနေဖြင့် ပါဝင်ရန် ဆုံးဖြတ်ခဲ့သည်။ သို့သော် KIO က UNFC မှ နုတ်ထွက်ခဲ့သဖြင့် ၎င်းတို့အဖွဲ့လည်း နုတ်ထွက်ခဲ့ခြင်းသာဖြစ်သည်ဟု သူက ပြောသည်။

ချင်းအမျိုးသားတပ်ဦး(CNF)သည် PNLO နှင့်အတူ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်

ရေးထိုးပြီးနောက် တပ်ပေါင်းစု၏ လုပ်ထုံးလုပ်နည်းအရ အဖွဲ့ဝင်အဖြစ်မှ ယာယီ ရပ်စဲခဲ့သည်။ သို့သော် CNF သည် အဖွဲ့ဝင်အဖြစ် ဆက်လက်ပါဝင်ရန် လျှောက်ထားမှုများရှိသဖြင့် ပြန်လည် လက်ခံခဲ့ခြင်းဖြစ်သည်။ PNLO သည် တပ်ပေါင်းစုထဲ ဆက်လက် ပါဝင်ရန် သဘောထား မပေးခဲ့ပေ။

Link: https://www.mmtimes.com/news/two-ethnic-groups-rejoin-unfc.html

## စစ်ချီတေး လွှမ်းမိုးတဲ့ လွိုင်တိုင်းလျန်း

Mizzima, February 17, 2018

၇၁ နှစ်မြောက် ရှမ်း(သျှမ်း)ပြည် အမျိုးသားနေ့အခမ်းအနားကို သျှမ်းပြည်တွင်း အနယ်နယ်အရပ်ရပ်အပြင် RCSS/SSA ဌာနချုပ် လွယ်တိုင်းလျန်းတွင်လည်း အကြီးအကျယ်ပြုလုပ်ရာ NCA အပစ်ရပ်လက်မှတ်ရေးထိုး၊ မရေးထိုးရသေးသည့် တိုင်းရင်းသား ကိုယ်စားလှယ်များ တက်ရောက်ကြောင်း သိရသည်။



၂၀၁၈ခုနှစ် ၊ ဖေဖော်ဝါရီလ ၇ ရက်နေ့က RCSS/SSA ဌာနချုပ် လွယ်တိုင်းလျန်းတွင် ကျင်းပသော သျှမ်းပြည် အမျိုးသားနေ့ အခမ်းအနားသို့ မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့ ၇ ဖွဲ့ခေါင်းဆောင် UWSA ဝ တပ်ဖွဲ့၏ကိုယ်စားလှယ် အပါအဝင် ပအိုဝ်း PNO ၊ PNLA ၊ ကရင် KNU ၊ ကရင်နီ KNPP လားဟူ LDU ၊ မွန် NMSP ၊ ကရင် DKBA ၊ ကျောင်းသားတပ်မတော် ABSDF တို့မှ ကိုယ်စားလှယ်များ အပစ်ရပ် လက်မှတ်မရေးထိုးရသေးသည့် UNFC မှခေါင်းဆောင် များ တက် ရောက်ကြသည်။

လွိုင်တိုင်းလျန်းမှာ ဖေဖော်ဝါရီလ ၇ ရက်နေ့ သျှမ်းအမျိုးသားနေ့ကို စည်းကားသိုက် မြိုက်စွာကျင်းပမှာဖြစ်တယ်လို့ ကြားကြရတာကြောင့် ဒေသအသီးသီး၊ အနယ်နယ် အရပ်ရပ်က သျှမ်း ပြည်သူလူထုဟာ ဖေဖော်ဝါရီ ၄ ရက်နေ့ကစပြီး တဖွဲဖွဲရောက် လာကြပါတယ်။

RCSS/SSA ဟာ ၂၀၁၅ ခုနှစ်တွင် တနိုင်ငံလုံး အပစ်ခတ်ရပ်စဲ သဘောတူစာချုပ် ( NCA) ချုပ်ဆိုခဲ့တဲ့ အဖွဲ့တဖွဲ့ ဖြစ်ပါတယ်။

ဒါပေမယ့် လက်ရှိ အချိန်ထိ မြန်မာ့ တပ်မတော်နဲ့ တိုက်ပွဲတွေ မကြာခဏ ဖြစ်ပွားနေသလို သျှမ်းစစ်သားတွေကိုလည်း ဖမ်းဆီးမှုတွေ ရှိနေဆဲပါ။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့ က သျှမ်းတိုင်းရင်းသားတွအနေနဲ့ တခြားသော တောင်တန်းဒေသ တိုင်းရင်းသားတွေ ဖြစ်တဲ့ ချင်း၊ ကချင်တို့နဲ့ အတူ ပြည်နယ်၊ ပြည်မ အတူတကွ လွတ်လပ်ရေး ရယူမယ်လို့ ဆုံးဖြတ်ချက် ချမှတ်နိုင်ခဲ့တဲ့ နေ့ရက်တရက်ပါ။

ပင်လုံစာချုပ်ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိခဲ့တာလည်း နှစ်ပေါင်း(၇၀) ရှိပါပြီ၊ သို့သော်လည်း တိုင်းရင်းသား ပြည်သူလူထု တရပ်လုံး နှစ်ပေါင်း(၇၀) နီးပါး ပြည်တွင်းစစ် ဖြစ်ပွားမှုကြောင့် လွတ်လပ်ရေးရဲ့ အသီးအပွင့်တွေကို ပြည့်ဝစွာ ရရှိခံစား နိုင်ခြင်း မရှိသေးပေ။

Link: https://www.bnionline.net/en/news/behind-scenes-shan-national-day-loi-tai-leng

## NCA သည်သာလျှင် ငြိမ်းချမ်းရေးအတွက် တစ်ခုတည်းသော ထွက်ပေါက်ဟု တပ်ချုပ် ပြောကြား

Burma News International, 15 February 2018



ဒီမိုကရေစီစနစ်၏ ဆန့်ကျင်ဘက်ဖြစ်သည့် လက်နက်စွဲကိုင်ကာ မိမိတို့၏ လိုအင်ဆန္ဒများကို တောင်းဆို၍ မရကြောင်းကို နားလည် သဘောပေါက်ကြရန် လိုအပ်ပြီး လက်နက်ကိုင် အစွဲအလမ်းကို ဖြတ်တောက်ပစ်နိုင်မည့် တခုတည်းသောအရာမှာ NCA စာချုပ်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောဆိုလိုက်သည်။

တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) တို့ပါဝင်လက်မှတ်ရေးထိုးသည့် အခမ်းအနားကို ဖေဖော်ဝါရီလ ၁၃ ရက်က နေပြည်တော်တွင် ပြုလုပ်ခဲ့ရာ ယင်းပွဲသို့ တက်ရောက်လာသော ဗိုလ်ချုပ်မှူးကြီးက အထက်ပါအ

တိုင်း ပြောဆိုလိုက်ခြင်းဖြစ်သည်။

“NCA မှာ လက်မှတ်ရေးထိုးခြင်းဟာ နိုင်ငံရေး ပြဿနာကို နိုင်ငံရေး စားပွဲဝိုင်းပေါ်မှာ ငြိမ်းချမ်းစွာ ဆွေးနွေး အဖြေရှာတဲ့ နိုင်ငံရေး ယဉ်ကျေးမှုတရပ်သာဖြစ်လို့ နှစ်ပေါင်း ၆၀ ကျော် ၇၀ နီးပါး အဖြေရှာမရသေးတဲ့ နိုင်ငံရေးပြဿနာတွေကို တဖက်နဲ့တဖက်၊ တဖွဲ့နဲ့ တဖွဲ့ စုပေါင်းတွေ့ဆုံ အဖြေရှာ ညှိနှိုင်းခြင်းပဲ ဖြစ်ပါတယ်” ဟု ၎င်းက ပြောသည်။

NCA လက်မှတ်ရေးထိုးသည့် အဖွဲ့သစ်များ တိုးလာပြီးနောက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး လုပ်ငန်းစဉ်များကို ခိုင်မာအောင် ဆက်လက်ကြိုးပမ်းခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လုပ်ခြင်း၊ လက်မှတ်မထိုးရသေးသည့် အဖွဲ့များနှင့် ပဋိပက္ခ လျော့ပါးသွားရန် ညှိနှိုင်း အဖြေရှာမည် ဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

လက်ရှိ၌ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့ ၈ ဖွဲ့ရှိနေပြီး ယခုအဖွဲ့ ၂ ခုနှင့် ပေါင်းလျှင် NCA စာချုပ်ကို လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့ရှိလာပြီ ဖြစ်သည်။

NCA လမ်းကြောင်းတွင် မပါဝင်လိုသောအဖွဲ့များမှာ တရုတ်-မြန်မာ နယ်စပ်အခြေစိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်ပြီး ၎င်းတို့ကို ပြည်ထောင်စု နိုင်ငံရေးညှိနှိုင်းဆွေးနွေးရေးကော်မတီ(FPNCC) ဟု ခေါ်ဆိုပြီး FPNCC တွင် ‘ဝ’ ပြည် သွေးစည်း ညီညွတ်ရေး တပ်မတော် (UWSA)၊ အမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော် – မိုင်းလား အဖွဲ့ (NDAA)၊ ကချင် လွတ်လပ်ရေး အဖွဲ့ (KIO)၊ ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP)၊ ပလောင်(တအာင်း) အမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA)၊ မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော် – ကိုးကန့်တပ်ဖွဲ့ (MNDAA)နှင့် ရက္ခိုင့် တပ်မတော် (AA) တို့ ပါဝင်သည်။

Link: https://www.bnionline.net/en/news/only-nca-can-guarantee-farewell-arms-says-c-c

## အခြား

---

### <u>မွန်ရွာသားများအား ဖမ်းဆီးသည့် ကရင်လက်နက်ကိုင်အဖွဲ့နှင့် မွန်ပြည်သစ် ထိတွေ့ပစ်ခတ်မှုဖြစ်ပွား</u>

Burma News International, 5 March 2018

မွန်ပြည်သစ်ပါတီ ထိန်းချုပ်နယ်ဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် အလယ်စခန်းကျေးရွာအရှေ့ဘက်ရှိ ဘုရားတောင် အနီးတဝိုက်၌ မွန်ရွာသားများအား ဖမ်းဆီးသည့် ကရင်လက်နက်ကိုင်အဖွဲ့နှင့် မွန်ပြည်သစ်ပါတီတပ်ဖွဲ့ တို့ ယမန်နေ့ (မတ်လ ၄ ရက် နေ့) နံနက်ပိုင်းတွင် ထိတွေ့ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သတင်းရ ရှိသည်။



မတ်လ ၃ ရက်နေ့ ညနေပိုင်းအချိန်တွင် ရွာပြန်လာသော ခရီးသွား ၂၇ ဦးကို ကရင်လက်နက်ကိုင်အဖွဲ့မှ ဖမ်းဆီးခေါ်ဆောင်ခဲ့သည့်အတွက် မွန်ပြည်သစ်တပ်ဖွဲ့မှ ဝင်ရောက်ရှင်းလင်းစဉ် ယမန်နေ့ ( မတ်လ ၄ ရက်နေ့) နံနက် ၈ နာရီခွဲ အချိန်ခန့်တွင် စတင်ထိတွေ့ ပစ်ခတ်မှုဖြစ် ပွားခဲ့သည်ဟု အဆိုပါ မွန်ပြည်သစ်အရာရှိတစ်ဦးက မွန်သတင်းအေဂျင်စီသို့ ပြောသည်။

ယင်းပစ်ခတ်မှုတွင် မွန်ပြည်သစ် အရန်တပ်ဖွဲ့ဝင်တစ်ဦး ဘယ်ခြေမျက်စေ့၌ ရုပ်ထိဒဏ်ရာအနည်းငယ်(စိုးရိမ်စရာမရှိ)ရရှိခဲ့ကြောင်း၊ မွန်းလွဲပိုင်းတွင် ဖမ်းဆီးခံရသူအားလုံး ပြန်လည်လွတ်မြောက်လာကြောင်း မွန်ပြည်သစ်မှ သိရသည်။

အဆိုပါဖြစ်စဉ်ကိုသိရှိရန် ထားဝယ်မြို့ ကရင်အမျိုးသားအစည်းအရုံး KNU ဆက်ဆံရေးရုံးသို့ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့သော်လည်း ပြန်လည်ဖြေကြားမည့်သူ မရှိပေ။

အလားတူ ဖေဖော်ဝါရီ ၂၄ ရက်တွင်လည်း ရေဖြူမြို့နယ် ကမာချောင်းဖျား၌ ဖိုးတီခေါင်းဆောင်သော ကရင်လက်နက်ကိုင် သစ်ခိုးဂိုဏ်းအဖွဲ့ကို မွန်ပြည်သစ်ပါတီတပ်ဖွဲ့မှ ဝင်ရောက်ရှင်းလင်းပစ်ခတ်စဉ် အလုပ်သမားတဦးကို ဖမ်းဆီးရမိပြီး သစ်ခိုးဂိုဏ်းအဖွဲ့မှကျကျန်ခဲ့သည့် M-79 တစ်လက်နှင့် AK-47 တစ်လက် သိမ်းဆည်းရမိကြောင်း မွန်ပြည်သစ်သတင်းစဉ်က ဖော်ပြသည်။

ပြီးခဲ့သည့် ဇန်နဝါရီလတွင်လည်း စတင်းစက်၊ မြေထိုးစက်၊ သစ်ဆွဲဆင်များနှင့်အတူ သစ်လုပ်သားများပါဝင်သည့် သစ်ခိုးဂိုဏ်း တစ်ခုအား မွန်ပြည်သစ်တပ်ဖွဲ့မှ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ကရင်လူမျိုး ၃၂ ယောက်ကို ဝန်ခံကတိဖြင့် KNU ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည့်သတင်း ဖော်ပြခဲ့ပြီးဖြစ်သည်။

၁၉၉၅ နှင့် ၂၀၁၂ ခုနှစ်များတွင် အစိုးရနှင့်သဘောတူညီချက်အရ မွန်ပြည်သစ်ပါတီ၏ တပ်တည်ဇရိယာများ သတ်မှတ်ပေးထားပြီး

ဖြစ်သည့်အတွက် မွန်ပြည်သစ်က ၄င်း၏ထိန်းချုပ်နယ်မြေများတွင် သစ်ခုတ်ထုတ်လုပ်ခြင်းကိုလည်း တားမြစ်ပိတ်ပင်ထားသည် ဟုဆိုသည်။

Link: [https://www.bnionline.net/en/news/skirmish-occurs-between-nmsp-and-karen-armed-group-over-detention-mon-villagers](https://www.bnionline.net/en/news/skirmish-occurs-between-nmsp-and-karen-armed-group-over-detention-mon-villagers)

## အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သံသယဖြစ်ဖွယ်အမှုများကို ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေး

The Irrawaddy, 22 February 2018



မြန်မာနိုင်ငံသည် အဂတိအခြေအနေ အမြစ်တွယ်နေမှုများကို ဖြေရှင်းနေသည့်အားလျော်စွာ အသစ်ဖွဲ့စည်းထားသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် လာဘ်စားမှုနှင့် ပတ်သတ်သည့်အမှုများကို တရားစွဲဆိုရန်အတွက် ရဲတပ်ဖွဲ့သို့ အမှု□၁၂□မှုကို လွှဲပြောင်းပေးအပ်ခဲ့သည်။ အများစုမှာ ဥပဒေပိုင်းဆိုင်ရာများတွင် လုပ်ကိုင်နေသူများဖြစ်ကြပြီး တရားသူကြီးနှစ်ဦး၊ ရှေ့နေတစ်ဦး၊ အစိုးရရှေ့နေတစ်ဦး ၊ ရဲဌာနဦးစီးမှူးတစ်ဦးနှင့် အုပ်ချုပ်ရေးမှူးနှစ်ဦးတို့ဖြစ်ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်တာနက်ဝက်ဆိုဒ်နှင့် လူမှုကွန်ယက်စာမျက်နှာတွင် ဗုဒ္ဓဟူးနေ့၌ ဖော်ပြထားသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ယက်မှ အဖွဲ့ဝင်ဖြစ်သူ ဦးဟန်ညွှန့်က အဖွဲ့အနေဖြင့် ယခုအခါ အမှုများကို ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပေးထားကြောင်း၊ ၁၂ မှုမှ သံသယရှိသူများသည် ထွက်ပြေးသွားသောကြောင့် ဝန်ကြီးဌာနသည် သံသယရှိသူများကို ဖမ်းဆီးရန် အာဏာရှိကြောင်းနှင့် ၎င်းတို့အား ပြည်သူများမှ သိရှိဖော်ထုတ်ပေးနိုင်ရန်အတွက် ဖော်ပြထားကြောင်း ပြောကြားခဲ့သည်။

ပြစ်ဒဏ်မှာ ထောင် ၁၀နှစ်နှင့် အထက်ဖြစ်သည်။

Link: [https://www.irrawaddy.com/news/burma/anti-corruption-commission-hands-list-12-suspects-police.html](https://www.irrawaddy.com/news/burma/anti-corruption-commission-hands-list-12-suspects-police.html)

## ကလေးလုပ်သား ပြဿနာသည် အရေးကြီးသည့် စိန်ခေါ်မှုဖြစ်

The Irrawaddy, 23 February 2018

ကလေးအလုပ်သမားပြဿနာသည် မြန်မာနိုင်ငံအတွက် အရေးကြီးသည့်စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေကြောင်း မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားခဲ့သည်။



၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် ၁၈ နှစ်အောက် ကလေးဦးရေ စုစုပေါင်း ၁၈ သန်း ကျော်ရှိပြီး ၂၀၁၇ ခုနှစ် ပထမသုံးလပတ် အလုပ်သမား အင်အား စစ်တမ်းများအရ အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်း ကလေးဦးရေ စုစု ပေါင်း ၁၂ သန်းကျော်အနက် ကလေးအလုပ်သမားဦးရေ ၅ ရာခိုင် နှုန်းတွင် အန္တရာယ်ရှိသော လုပ်ငန်းခွင်များ၌ အလုပ်လုပ်နေသည့် ကလေး အလုပ်သမား ၄ ဒသမ ၉ ရာခိုင်နှုန်းပါဝင်နေခြင်းကြောင့် ကလေးအလုပ်သမားပြဿနာသည် မြန်မာနိုင်ငံအတွက် အရေးကြီး သည့်စိန်ခေါ်မှုအဖြစ် တည်ရှိနေကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောဆိုသည်။

ထို့ကြောင့် ကလေးအလုပ်သမားပပျောက်ရေးသည် နိုင်ငံတော်၏ အနာဂတ်အတွက် မဖြစ်မနေ ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၃၊ အပိုဒ်ခွဲ( ၁) ၌ လူတိုင်းတွင် အလုပ်လုပ်ပိုင်ခွင့်၊ မိမိနှစ်သက်ရာအလုပ်အကိုင်ကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်၊ တရားမျှတ၍ အဆင်ပြေမှုရှိသော လုပ်ငန်းခွင်အခြေအနေများ၊ ရပိုင်ခွင့်နှင့် အလုပ်လက်မဲ့ဖြစ်ခြင်းမှ အကာအကွယ် ရပိုင်ခွင့်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ကလေးအလုပ်သမား ပပျောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ ထိရောက်မြန်ဆန်ပြီး လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံကလေး အလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အတွင်းရေးမှူးအဖွဲ့ကိုလည်း ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပြီး အတွင်းရေးမှူးအဖွဲ့က တာဝန်ယူ၍ မြန်မာနိုင်ငံကလေး အလုပ်သ

များ ပပျောက်ရေးစီမံကိန်းအတွက် လုပ်ငန်းစီမံချက် မူကြမ်းကို တိုင်ပင်ရေးဆွဲကြရန် မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌဒုတိယသမ္မတ ဦးမြင့်ဆွေက ယင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ပြန်လည် ပြင်ဆင်ခဲ့သော ၁၉၅၁ အလုပ်ရုံများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေတွင် ၁၄ နှစ်အောက် ကလေးသူငယ်များကို မိသားစု လုပ်ငန်းများမှအပ အခကြေးငွေဖြင့် လည်းကောင်း၊ အခြားတနည်းနည်းဖြင့်လည်းကောင်း အလုပ်ခိုင်းစေခြင်းသည် ပြစ်မှုမြောက်ပြီး သက်ဆိုင်ရာ တရားရုံးက ပြစ်ဒဏ်စီရင်ခြင်းကို ခံရနိုင်ကြောင်း ဖော်ပြထားသည်။

Link: https://www.irrawaddy.com/news/burma/ending-debt-bondage-key-eradicating-child-labor-says-ilo.html

## ၂၀၁၇ခုနှစ် ပဒိုမန်းရှာလူငယ်ခေါင်းဆောင်ဆု OKRSO မှ စောအဲသိုနှင့် KWO မှ နော်ဆဲဆဲတို့ ပူးတွဲရရှိ

The Irrawaddy, 21 February 2018

၂၀၁၇ ခုနှစ်အတွက် ပဒိုမန်းရှာလူငယ်ခေါင်းဆောင်ဆုကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် လူမှုရေးလုပ်ငန်းလုပ်ဆောင်နေသူ ကရင်ဒုက္ခသည်များဆိုင်ရာ လူမှုစောင့်ရှောက်ရေးအဖွဲ့ (OKRSO)မှ စောအဲသိုနှင့် အမျိုးသမီးအခွင့်အရေးဆိုင်ရာ တက်ကြွလှုပ်ရှားနေသူ ကရင်အမျိုးသမီးအစည်းအရုံး(KWO)မှ နော်ဆဲဆဲတို့နှစ်ဦးအား ပူးတွဲချီးမြှင့်လိုက်ကြောင်း ယနေ့(ဖေဖော်ဝါရီ) ၂၁ ရက်နေ့ရက်စွဲဖြင့် ဖန်းဖောင်ဒေးရှင်းမှ ထုတ်ပြန်ကြေညာလိုက်သည်။



ကွယ်လွန်သူ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ပဒိုမန်းရှာလားဖန်းအား ရည်စူးပြီး ဖန်းဖောင်ဒေးရှင်းမှ တစ်နှစ်တစ်ကြိမ် ပေးအပ်ချီးမြှင့်သည့် ပဒိုမန်းရှာလူငယ်ခေါင်းဆောင်ဆုကို နှစ်စဉ် တစ်ဦးချင်း ချီးမြှင့်ပေးသော်လည်း ယခုနှစ်အတွက် ပဒိုမန်းရှာလားဖန်း ကျဆုံးခြင်း (၁၀)နှစ်ပြည့်နှစ်ပတ်လည် အထိမ်းအမှတ်အနေဖြင့် အဆိုပါ လူငယ်နှစ်ဦးကို ပူးတွဲလူငယ်ခေါင်းဆောင်ဆုပေးခြင်းဖြစ်သည်ဟု ထုတ်ပြန်ချက်၌ ဆိုသည်။

ပဒိုမန်းရှာလူငယ်ခေါင်းဆောင်ဆုကို ပူးတွဲရရှိသူ စောသန်းကျော်စိုး(ခ) စောအဲသိုသည် ပြည်ပရောက် ကရင်ဒုက္ခသည်များဆိုင်ရာ လူမှုစောင့်ရှောက်ရေးအဖွဲ့(OKRSO)အဖွဲ့၌ ၁၁ နှစ်ကြာ ထိုင်းနိုင်ငံရောက် ကရင်ဒုက္ခသည်များ၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် ပညာရေး၊ ကျန်းမာရေး၊ ကရင်စာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးတို့တွင် တက်ကြွစွာဦးဆောင်လုပ်နေခြင်းကြောင့် ယခုကဲ့သို့ဆုချီးမြှင့်ပေးခြင်းဖြစ်ကြောင်း ဖန်းဖောင်ဒေးရှင်းက ဆိုသည်။

နောက်ထပ်ပူးတွဲဆုရရှိသူ နော်ဆဲဆဲသည် ကရင်အမျိုးသမီးအစည်းအရုံး(KWO) ၌ ၁၀ နှစ်ကျော်ကြာ ကရင်ပြည်နယ် အတွင်း အခြေခံလူ့အဖွဲ့အစည်းမှ နိုင်ငံတကာလူ့အဖွဲ့အစည်းတိုင် ဒေသတွင်း စာသင်ကျောင်း ကူညီထောက်ပံ့ခြင်း၊ အမျိုးသမီး၊ လူငယ်တို့၏ လုပ်ပိုင်ခွင့်အာဏာရရှိရေး၊ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ကလေးစစ်သားအသုံးပြုမှု ရပ်တန့်ရေးအတွက် တက်ကြွလှုပ်ရှားနေခြင်းကြောင့် ယခုလိုဆုချီးမြှင့်ခြင်းဖြစ်ကြောင်း ဖန်းဖောင်ဒေးရှင်း ၏ ထုတ်ပြန်ချက်၌ဆိုသည်။

Link: https://www.irrawaddy.com/news/karen-group-doubles-young-leader-award-10th-anniversary.html

## လူနည်းစုအတွက်သာ အကျိုးရှိစေမည့် ထားဝယ်စီးပွားရေးဇုန်

The Myanmar Times, 22 February 2018



ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ထားဝယ်စီးပွားရေးဇုန်သည် အထက်တန်းလွှာအနည်းငယ်အတွက်သာ အကျိုးရရှိမည်ဖြစ်သော်လည်း အခြားသူများအတွက်မှာမူ အကျိုးရရှိဖို့ မသေချာပေ။ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ အငြင်းပွားဖွယ်ရာ ထားဝယ်စီမံကိန်းကို ရပ်ပစ်ရန်နှင့် ပြန်လည်စဉ်းစားပေးရန် အာဏာပိုင်များကို တောင်းဆိုလိုက်သည်။

၎င်းတို့မှ ဆိုဒ်အကျယ်အဝန်းသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုရှိမရှိ ဆက်လက်အကဲဖြတ်လုပ်ဆောင်ရမည်ဟု စောဒကတက်ခဲ့ကြပြီး ပြီးခဲ့သည့် ပြဿနာများအားလုံးကို စီမံကိန်းအပြီးမသတ်မီ အပြည့်အဝ ဖြေရှင်းပေးရမည်ဖြစ်ကြောင်း ပြောခဲ့ကြ

သည်။

ဖေဖြိုလမတိုင်မီ ကနဦးအဆင့်တွင် မြေယာငှားရမ်းစာချုပ် ချုပ်ဆိုနိုင်ရန် မျှော်မှန်းထားသောကြောင့် SEZ တွင် အတင်းအကြပ်နှင် ထုတ်ခြင်းများ၊ ပွင့်လင်းမြင်သာမှု မရှိခြင်းများနှင့် သဘာဝပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်စေခြင်းများအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများပြုလုပ်ကြောင်း စွပ်စွဲမှုများရှိခဲ့သည်

ထို့ပြင် စီမံကိန်းသည် လယ်မြေများ၊ မြစ်ချောင်းများကို ညစ်ညမ်းစေခြင်းနှင့် လူထု၏ မြေယာ၊ အသက်မွေးဝမ်းကြောင်းများကို ထိခိုက် ပျက်စီးစေခြင်းကြောင့် ကျွမ်းကျင်သူများမှ သဘာဝပတ်ဝန်းကျင် သက်ရောက်မှုအကဲဖြတ်ခြင်းဆိုင်ရာ ဥပဒေခွင့်ပြုမှုကို မေးခွန်းထုတ်ခဲ့ကြသည်။

တနင်္သာရီတိုင်းတွင် တည်ရှိသည့် SEZ တွင် အပိုင်း(၂)ပိုင်းခွဲခြားထားသည်။ တစ်ခုမှာ မြန်မာနိုင်ငံ SEZ ၃ ခုတွင် တစ်ခုပါဝင်ပြီး နောက်ထပ်နှစ်ခုမှာ ရန်ကုန်တောင်ပိုင်းနှင့် ရခိုင်ရှိ ကျောက်ဖြူ SEZ တို့ဖြစ်သည်။

Link: https://www.mmtimes.com/news/dawei-sez-few-not-many.html

## တရုတ်နိုင်ငံ၏ ပိုးလမ်းမ စီမံကိန်းကြောင့် မြန်မာ့လူဦးရေ ထက်ဝက်ခန့် ဆိုးကျိုးသက်ရောက်နိုင်

Myanmar Times, 21 February 2018

တရုတ်နိုင်ငံကစတင်ပြီး ကမ္ဘာအနှံ့ကုန်သွယ်ရေးကွန်ရက်ဖြန့်ကျက်မည့် ပိုးလမ်းမစီမံကိန်းသည် မြန်မာနိုင်ငံ၏သဘာဝ ရင်းမြစ် အပြင် နိုင်ငံ့လူဦးရေ ၂၄ သန်း၏ ဘဝရပ်တည်မှုနှင့် အသက် မွေးမှုတို့ကိုပါ ထိခိုက်စေနိုင်သည်ဟု World Wide Fund for Nature in Myanmar (WWF) ၏ အစီရင်ခံစာတစ်စောင်က ဖော်ပြလိုက်သည်။

တရုတ်နိုင်ငံ ပိုးလမ်းမ စီမံကိန်းတွင်ပါဝင်သော လမ်းစီမံကိန်းများက မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်ခန့် နေထိုင်သည့် ဇေဝတီမြစ်ဝကျွန်းပေါ် ဒေသနှင့် ပတ်ဝန်းကျင်ကုန်းမြင့်ပိုင်း ဒေသများကို သယ်ယူ ပို့ဆောင်ရေးလမ်းကြောင်းများ ဖြန့်ကျက်ပေးမည် ဖြစ်သည်။



ထိုဒေသတွင် နေထိုင်သူများမှာ မြစ်ချောင်း၊ သစ်တောနှင့် ဇီဝမျိုးစိတ်များ စသည့် သဘာဝဝန်းကျင်အပေါ် မှီခိုနေထိုင်ကြသူများဖြစ်ပြီး ယင်းအရာများကပင် ၎င်းတို့ကို သောက်သုံးရေ လဲပေးသလို သဘာဝဘေးအန္တရာယ် ခံစားရမှု လျော့ပါးစေလျက်ရှိသည်။

ထို့ကြောင့် ပိုးလမ်းမစီမံကိန်းကြောင့် ဖောက်လုပ်မည့် လမ်းမကြီးများက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေလျှင် ထိုပြည် သူများ၏ဘဝကို ဆိုးကျိုးများ သက်ရောက်စေမည်ဖြစ်သည်။

"တကယ်လို့ လမ်းဖောက်လုပ်မှုတွေက ဂေဟစနစ်နဲ့ မျိုးသုဉ်းမဲ့အခြေအနေနဲ့ ရင်ဆိုင်နေရတဲ့ တိရစ္ဆာန်တွေကို ထိခိုက်စေမယ်။ သစ်တောပြုန်းတီးမှုတွေ၊ မြေပြိုတာတွေနဲ့ လေထုညစ်ညမ်းမှုတွေဖြစ်စေမယ်ဆိုရင် ပိုးလမ်းမစီမံကိန်းကြောင့် လူမှုရေး၊ သဘာဝ ပတ်ဝန်းကျင်နဲ့ စီးပွားရေးတွေမှာ ဆုံးရှုံးနစ်နာမှုတွေ ဖြစ်လာနိုင်ပါတယ်။ ပိုကောင်းတဲ့အစီအစဉ်တွေ၊ ပုံစံဒီဇိုင်းတွေနဲ့ ဆောင်ရွက်ရင်တော့ ဒီအန္တရာယ်တွေကို ရှောင်ရှားနိုင်မယ်၊ လျော့ပါးစေနိုင်မယ်" ဟု WWF Myanmar ၏ အစိမ်းရောင်စီးပွားရေးစီမံချက်နှင့် မူဝါဒဆိုင်ရာ မန်နေဂျာ Henna Helsingen က ပြောသည်။

ဆိုးကျိုးသက်ရောက်မှုများကို ကာကွယ်၊ တားဆီး၊ လျှော့ချရန် အပြန်အလှန်ညှိနှိုင်းဆွေးနွေးမှုနှင့် စိစစ်မှုများ လုပ်ဆောင်ခြင်း အပါအဝင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း(အိုင်အက်ဖ်စီ)နှင့် ကမ္ဘာ့ဘဏ်တို့က ချမှတ်ထားသည့်စံနှုန်းများနှင့်အညီ ချင့်ချိန်ဆုံးဖြတ်သလို မြန်မာ့ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်မှု မူဘောင်နှင့်အညီ တည်ဆောက်ရေးစီမံကိန်းများကို ဆောင်ရွက်မည်ဆိုလျှင် ယင်းအန္တရာယ်များကို ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (အမ်စီအာရ်ဘီ)၏ ဒါရိုက်တာ မစ္စဗစ်ကီဘိုမင်းက ပြောသည်။

တရုတ်နိုင်ငံ ပိုးလမ်းမစီမံကိန်း၏ အဓိကရည်ရွယ်ချက်တစ်ရပ်မှာ ချိတ်ဆက်မှုကို မြှင့်တင်ရန်၊ ကုန်သွယ်ရေး တိုးမြှင့်ရန်နှင့် ရင်းနီးမြှုပ်နှံမှု လွယ်ကူချောမောရေးတို့အတွက် စီးပွားရေးစင်္ကြံလမ်းများ တည်ထောင်ရန်ဖြစ်သည်။ ခရီးသွားလုပ်ငန်းနှင့် ဝန်ဆောင်မှုများကိုလည်း မြှင့်တင်ပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ပိုးလမ်းမစီမံကိန်း၏ စီးပွားရေးတိုးတက်မှုများမှာ အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ စီးပွားရေး ကုန်ထုတ်လုပ်မှုများတိုးတက်လာခြင်း၊ တိုင်းပြည်ဝင်ငွေတိုးလာခြင်း၊ ကုန်သွယ်ရေးကုန်ကျစရိတ်များကို လျှော့ချနိုင်ခြင်း

အပြင် စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍတိုးတက်မှုများကိုလည်း အရှိန်မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

Link: https://www.mmtimes.com/news/belt-and-road-road-corridors-put-half-myanmars-population-risk.html

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren